# အစိတ်သားတောင် မချန်ထားရဖူးတဲ့လား..

## အစိတ်သားတောင်မချန်နဲ့ဆိုတဲ့ သန်းရွှေအမိန့်

ကျွန်တော်ဟာ ၁၉၉၂ ခုနှစ်ကစပြီးကော့သောင်းခရိုင်အတွင်းမှာ စီပွါးရေး လုပ်ငန်း လုပ်ကိုင် နေသူတစ်ယောက်ပါ။ အဲဒီနှစ်တွေအတွင်းမှာ မြန်မာ့တပ်မတော်ဟာ ပင်လယ်ပြင်စိုးမိုးရေးဆိုပြီး ပင်လယ်ပြင် အတွင်းမှာ ရေတပ်သာမက ကြည်းတပ်တွေပါ ရေကင်းလှည့်ခြင်း၊ ဖမ်းဆီးထောင်ချခြင်းအပြင် တခါထဲ အုပ်စုလိုက် နတ်ပိတ် သတ်ဖြတ်ချင်းတွေကို လုပ်နေခဲ့တာတွေကို နေ့စဉ်နဲ့အမျှကြားနေခဲ့ပါတယ်။ အဲဒီ အချိန်က ကော့သောင်းမြို့နယ်အတွင်းမှာ ခလရ ၂၆၂၊ ခလရ ၃၄၂ တို့ တပ်ရင်းတွေတပ်စွဲပြီး စစ်ဗျူဟာမှူးအဖြစ် ဗိုလ်မှူးကြီး သူရအောင်ကို (ယခုသာသနာရေး ဒု-ဝန်ကြီး) ကတာဝန်ယူနေချိန်ဖြစ်ပါတယ်။

ကော့သောင်းမြို့နယ်အတွင်းမှာအခြေခံလူတန်းစားများရဲ့ အဓိကလုပ်ငန်းက ငါးဖမ်းခြင်းနဲ့သစ်ခုတ်ခြင်းတို့ပါ အဲဒီကရတဲ့သစ်တွေကို တဖက်ကမ်းရနောင်းကို တင်ပို့ရောင်းချပြီးအသက်မွေးဝမ်းကြောင်းပြုကြပါတယ်။ သစ်ခုတ်တာ ငါးဖမ်းတာအားလုံးကို ပင်လယ်ပြင်ထဲက ကျွန်းတွေကို အမှီပြုပြီး လုပ်စားကြတာဖြစ်ပါတယ်။ သူတို့လုပ်တာဟာ တစ်နိုင်တစ်ပိုင်လေးသာဖြစ်ပါတယ် ဒါပေမဲ့တရားဝင်မဟုတ်ဘူးပေ့ါ အစိုးရကကြတော့ ကျွန်းတွေပေါ်ကသစ်တွေကို လက်ညှိုးထိုးပြီး ထိုင်းက သစ်ကုမဏီတွေကို ရောင်းစားပါတယ် ဒါကတော့ တရားဝင်ဖြစ်ပါတယ်။ အဲဒီမှာထိုင်းသစ်ကုမဏီတွေ တိုင်ကြတာက သူတို့လုပ်ကွက်တွေထဲမှာ မြန်မာသစ်ခုတ်သမားတွေ ဝင်ခုတ်တယ်ဆိုပြီးတိုင်ကြတဲ့အတွက် စစ်တပ်ဟာအထက်အရာရှိအမိန့်နဲ့ သစ်ခုတ်သမားတွေကို ကျွန်းတွေမှာလိုက်လံနှိမ်နင်းခဲ့ပါတယ်။ ကျွန်တော့်အိမ်နားမှာနေတဲ့ စက်ပြင်ဆရာ တဦးကြုံတွေ့ခဲ့တာနဲ့ ကျွန်တော်တွေ့ကြုံခဲ့ရတာက ဒီလိုပါ။

တပည့်အမည်က ဦးလှထွန်းဖြစ်ပါတယ်။ သူကစက်ပြင်သူတစ်ဦးဖြစ်ပြီး အခါအားလျှော်စွာ ခလရ ၃၄၂ တပ်က ခေါ်ပြီးစက်ပြင်ခိုင်းလေ့ရှိတာကြောင့် သူဟာ အဲဒီတပ်ရင်းက အရာရှိတွေနဲ့ခင်နေသူဖြစ်ပါတယ်။ သူကစီပွါးရေးအရ ပင်လယ်ပြင်ကို ဒေသအခေါ် ကင်းမွှန်(မြန်မာအခေါ် ပြည်ကြီးငါး)ဖမ်းတဲ့ မီးထွန်းလှေသေးလေးတစ်စင်းငှါးပြီးသူ့သားဖြစ်သူနဲ့ ပင်လယ်ပြင်ကို ထွက်ဖမ်းလေ့ရှိပါတယ်။ တစ်ရက်မှာ ကော့သောင်းမြို့နယ်ထဲက ကော့ရဲကျွန်းနားကို ကင်းမွှန်လှေလေးရောက်ခါနီးမှာ သူ့ကို စစ်တပ်လှေက မီးပြပြီးလှမ်းခေါ်ပါတယ်။ သူကလဲကြောက်ကြောက်နဲ့သွားခဲ့ပါတယ် အနားရောက်တော့မှ ခလရ ၃၄၂ က တပ်ရေးဗိုလ်ကြီးဖြစ်နေတော့ တပ်ရေးဗိုလ်ကြီးဖြစ်သူက နဖူးကိုလက်နဲ့ရိုက်ပြီး " အမလေး ဦးလှထွန်းရယ် ကံကောင်းလို့ ခင်ဗျားဘာလာလုပ်တာလဲ" လို့ မျက်လုံးပြူးပြီး မေးပါတယ်။ အဲဒီမှာသူက ကင်းမွှန် လာဖမ်း တာဖြစ်ကြောင်းပြောပြပါတယ်။ ပြီးတော့သူ့လှေကို ကမ်းကပ်ခိုင်းခဲ့ပြီး အဲဒီကျွန်းမှာ သုံးရက်လောက် ခေါ်ထားပြီးသူတို့ဖမ်းထားတဲ့လှေတွေက စက်အချို့ကိုပြင်ခိုင်းခဲ့ပါတယ်။
အဲဒီကျွန်းပေါ်မှာ သစ်လာခုတ်စားတဲ့ ထားဝယ်လူမျိုး အမျိုးသားတွေ အမျိုးသမီးတွေ၊ ခလေးတွေ စုစုပေါင်း သုံးဆယ်လောက်ကို ဖမ်းဆီးထားတာတွေ့ခဲ့ရပါတယ် ဦးလှထွန်းရောက်ပြီး နှစ်ရက်မြောက်နေ့မှာ အဲဒီလူတွေကို ကျွန်းရဲ့တဖက်ခြမ်းကိုခေါ် သွားခဲ့ပါတယ်။ ပြီးတော့သေနပ်သံတွေကြားရပါသတဲ့ ညနေမှ စစ်သားတွေ ပြန်ရောက်လာကြပါသတဲ့ ပြန်သိရတာက သတ်ပြီးပြန်လာတာဖြစ်ကြောင်းပါ။ ဒါပေမဲ့သူတို့ဆက်နေအုံးမှာဖြစ်ကြောင်း ဘာဖြစ်လို့လဲဆိုတော့ သူတို့ဖမ်းဆီးစဉ်က အချို့ကျွန်းရဲ့တောင်ပေါ် ကို ထွက်ပြေးလွတ်မြောက်နေကြလို့ ကျွန်းကိုပိုင်းထားပြီး အစာဖြတ်ရေဖြတ်လုပ်ထားတာ ဖြစ်ကြောင်းပြောပြပါတယ်။
အခုဦးလှထွန်းတို့တောင်မှတပ်ရေးဗိုလ်ကြီးရဲ့ မိတ်ဆွေတွေဖြစ်လို့ အသက်နေရှင်တာဖြစ်ကြောင်း ပြောပြခဲ့ပါတယ်။

ဦးလှထွန်းကိုလည်း မသိဟန်ဆောင်နေဖို့အပြင်ကို လုံးဝမပေါက်ကြားစေဖို့ သတိပေးပါတယ်။ ဦးလှထွန်းတို့ ကလည်း မသိချင်ဟန်ဆောင်ထားပြီး တပ်ရေးဗိုလ်ကြီးကို
နောက်တစ်ရက်အကြာမှာအိမ်ကစိတ်ပူနေမည့်အကြောင်းပြန်ချင်ကြောင်းအပူကပ်ပြီးပြောခဲ့ရာ
တပ်ရေးဗိုလ်ကြီးကပြန်ခွင့် ပေးလိုက်လို့ ပြန်ခဲ့ရပါတယ်။ အင်မတန်ကံကောင်းလွန်းလို့ လွတ်လာတာပါ။
အဲဒီအကြောင်းကို ဦးလှထွန်းပြန်ပြောချက်အရ ကျွန်တော် ဘီဘီစီကိုစာရေးပြီး
စာတိုက်ကနေအကြောင်းအရာလေးနဲ့နဲ့လွဲပြီး မြန်မာ့တပ်မတော်က ပင်လယ်ပြင်မှာ ပြည်သူတွေကို
သတ်ဖြတ်လျှက်ရှိကြောင်း သတင်းပို့ခဲ့ပါတယ်။ စာရေးသူအမည်ကို သိန်းအောင်ဆိုပြီးတပ်ပေးလိုက်ပါတယ်။
ကံကောင်းချင်တော့ ကော့သောင်းမြို့မှာ ထောက်လှမ်းရေးဖက်ရော အခြားဖက်တွေပါ သတင်းပေးလုပ်စားနေတဲ့
နစ်ဖက်ချွန် သိန်းအောင်(နာရီပြင်ဆရာ-ကောသောင်းဈေး) အမည်နဲ့တူသွားပါတယ်။ နောက်တစ်ရက်မှာ
သိန်းအောင်အဖမ်းခံလိုက်ရပါတယ်။ နောက်မှသိရတာက ကော့သောင်းမြို့နယ်စာတိုက်က ဘီဘီစီ၊ဘီအိုအေ စတဲ့
သတင်းဌါနတွေကို ပို့တဲ့စာအားလုံး ကို သက်ဆိုင်ရာသတင်းဌါနတွေ ကိုမပို့ပေးရဘဲ ကော့သောင်း
ထောက်လှမ်းရေးရုံးကို ပို့ပေးရတာဖြစ်ကြောင်းသိရပါတယ်။ ဘီဘီစီကို ရောက်မယ်ထင်တဲ့ ကျွန်တော့်စာလေး
ထောက်လှမ်း ရေးလက်ထဲ ရောက်သွားတာကိုး ကျွန်တောဟာအခုထိအဲဒီအကြောင်းကို ဖေါ်ပြဖို့ အခွင့်အခါ
မသင့်ခဲ့တော့ပါဘူး။ ဟိုတနေ့ကမှ ဗိုလ်မှူးတစ်ယောက်က သူ့အရာရှိကြီးတွေ ကော့သောင်း
ဇာတက်ကြီးရေတပ်စခန်းမှာ သန်းရွှေအမိန့်နဲ့ မိသားစုတွေ ငါးဆယ်လောက်သတ်ခဲ့တဲ့ အကြောင်း အင်တာဗျူးတစ်ခုမှာ
ဖေါ်ထုတ်ချက်အရ အခွင့်အခါကြုံလို့ အခုစာကိုရေးခဲ့ရတာပါ။

http://www.esnips.com/doc/2d1695ae-d703-4a03-9063-14766aa6e76f/25May2008VOA

တကယ်တော့မြန်မာ့တပ်မတော်ဟာ ပင်လယ်ပြင်စိုးမိုးရေးလုပ်တယ်ဆိုတာ ပြည်သူ ကို ကာကွယ်ဖို့ဘဲဖြစ်သင့်ပါတယ်။
အဲဒီလို အထက်အမိန့်အရဆိုပြီး ပြည်သူတွေကို သတ်နေတာဟာ သခင်အားရအောင် ကိုက်ပေးနေတဲ့
အသိညဏ်မရှိလှတဲ့ခွေးဆိုးတွေလိုဖြစ်နေပါတယ်။ တပ်မတော်လူသတ်သမားတွေဟာ သူတို့လုပ်ခဲ့တာကို
သူတို့ လုံလုံပြီထင်နေကြပေမဲ့ မြန်မာ့ဆိုးရိုးစကားအတိုင်း အရိုးတွေဟာ တွန်တတ်ပါတယ်။ ဘယ်တော့မှ
မကောင်းမှုဆိုတာ ပြီးဆုံး သွားတယ်မရှိပါဘူး။ သူတို့ အလှည့်မရောက်တော့ဘူးလို့ ဘယ်သူပြောမလဲ၊

နာဂစ်မောင်မောင်

စာကြွင်း၊ အဲဒီအချိန်က စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသူရအောင်ကိုဟာ ၁၉၈၈ အရေးအခင်းတုန်းကလည်း ရန်ကုန်မှာ
ပြည်သူတွေ ကျောင်းသားတွေ ရဟန်းတွေကို ရက်ရက်စက်စက်ပစ်သတ်ခဲ့တဲ့ ခလရ (၂၂) ရဲ့ တပ်
ရင်းမှူးဖြစ်ခဲ့တယ်လို့သိရပါတယ်။ ဒါပေမဲ့အခုသူလုပ်နေတာက သာသနာရေး ဒု-ဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို
ဖြစ်ပါတယ်။